# ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥပဒေအမှတ် ၂၂။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### စကားချီး။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်းလမ်း သယ်ယူပို့ဆောင်ရေးအဖွဲ့ ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက် တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်၊ အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်—

(က) ''အဖွဲ့''ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်းလမ်း သယ်ယူပို့ဆောင်ရေး အဖွဲ့ကိုဆိုလိုသည်။

(ခ) ''သတ်မှတ်သည်'' ဆိုသည်မှာ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် သတ်မှတ်သည်ကိုဆိုလိုသည်။

## အခန်း ၂။

### အဖွဲ့ဖွဲ့စည်းပုံ။

၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း အစိုးရကလွှဲအပ်ပေးသောမည်သည့် ဒေသ၊ မြို့နယ်၊ ခရိုင်၊ မြူနီစီပါယ်နယ်နိမိတ်တွင်မဆို၊ မော်တော်ယာဉ်ဖြင့် ခရီးသည်များ၊ သို့မဟုတ် ကုန်စည်များ၊ သို့မဟုတ် ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီမံအုပ်ချုပ်ဆောင်ရွက်ရန် ''ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့'' ဟူသောအမည်ဖြင့်၊ အဖွဲ့တခုကိုအစိုးရက ဖွဲ့စည်းရမည်။

(၂) အဖွဲ့သည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ အဖွဲ့ပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်းခံရမည်။

၄။ ။(၁) အဖွဲ့တွင်၊ အစိုးရကခန့်ထားရမည့် ဥက္ကဋ္ဌနှင့်တဆယ့်နှစ်ဦးထက် မပိုသော အခြား အဖွဲ့ဝင်များပါဝင်ရမည်။ ဥက္ကဋ္ဌသည်၊ အဖွဲ့၏အုပ်ချုပ်ရေးမှူး ဖြစ်ရမည်။

(၂) အဖွဲ့တွင်ပါဝင်သည့် အခြားအဖွဲ့ဝင်များအနက်၊ နှစ်ဦးသည်၊ အောက်ပါပုဂ္ဂိုလ်များဖြစ်ရမည်—

(က) ဘဏ္ဍာရေးနှင့်အခွန်တော်ဌာနမှ ကိုယ်စားလှယ်။

(ခ) အဖွဲ့ ကိုအုပ်ချုပ်သည့် သက်ဆိုင်ရာအစိုးရဌာနမှ ကိုယ်စားလှယ်။

၅။ ။ဥက္ကဋ္ဌ၏၊ သို့မဟုတ် အခြားအဖွဲ့ဝင်တဦးဦး၏ ရာထူးသက်တမ်းသည်၊ အစိုးရက သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်၊ အစိုးရသည်၊ ဥက္ကဋ္ဌကိုသော်၎င်း၊ အခြားအဖွဲ့ဝင်တဦးဦးကိုသော်၎င်း၊ ဥက္ကဋ္ဌအဖြစ်၊ သို့မဟုတ် အဖွဲ့ဝင်အဖြစ်၊ ဆက်လက်ဆောင်ရွက်ရန် မသင့်ဟုယူဆသည့်အခါ၊ ရာထူးမှနုတ်ပယ်နိုင်သည်။

၆။ ။အစိုးရ အရာရှိမဟုတ်သည့် အဖွဲ့ဝင်များအား၊ အစိုးရက သတ်မှတ်သည့်အခများနှင့် စရိတ်ကြေးငွေများပေးရမည်။

၇။ ။(၁) သေဆုံးသောကြောင့်ဖြစ်စေ၊ ရာထူးမှ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ရာထူးမှထုတ်ပယ်ခြင်း ခံရသောကြောင့်ဖြစ်စေ၊ အခြားအကြောင်းတခုခုကြောင့်ဖြစ်စေ၊ အဖွဲ့ဝင်ရာထူးလစ်လပ်သည့်အခါ၊ ထိုလစ်လပ်သည့်နေရာတွင် အဖွဲ့ဝင်သစ်တဦးကို ဖြည့်သွင်းခန့်ထားရမည်။ ထိုသို့ဖြည့်သွင်းခန့်ထားခြင်းခံရသော အဖွဲ့ဝင်သစ်သည်၊ မိမိအားဖြည့်သွင်းခန့်ထားသည့်နေရာတွင် ဆောင်ရွက်ခဲ့သည့် အဖွဲ့ဝင်ဟောင်း၏ ရာထူးသက်တမ်းစေ့ကုန်သည့် အချိန်အထိသာ ရာထူးလက်ရှိဆောင်ရွက်ရမည်။

(၂) အဖွဲ့ကစီမံဆောင်ရွက်သည့် အမှုခင်းကိစ္စများသည်၊ အဖွဲ့ဝင်ရာထူးလစ်လပ်သည့် အကြောင်းကြောင့်သော်၎င်း၊ အဖွဲ့ဝင်တဦးဦးခန့်ထားရာတွင် ချွတ်ယွင်းချက်တခုခုရှိသည့် အကြောင်းကြောင့်သော်၎င်း၊ မပျက်ပြယ်စေရ။

## အခန်း ၃။

### အဖွဲ့၏ တာဝန်ဝတ္တရား။

၈။ ။(၁) အဖွဲ့မှာ၊ အစိုးရ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းအစိုးရကလွှဲအပ်ပေးသော၊ မည်သည့်ဒေသ၊ မြို့နယ်၊ ခရိုင်၊ မြူနီစီပါယ်နယ်နိမိတ်တွင်မဆို မော်တော်ယာဉ်များဖြင့်ခရီးသည်များ၊ သို့မဟုတ် ကုန်စည်များ၊ သို့မဟုတ် ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအားလုံးကို၊ ယေဘုယျအားဖြင့် ဆောင်ရွက်ရန် တာဝန်ရှိရမည်။ ထို့ပြင် အဖွဲ့သည်၊ ဤဥပဒေအရမိမိ၏ တာဝန်ဝတ္တရားများကို နည်းလမ်းတကျ ဆောင်ရွက်ရန်လိုအပ်သော၊ သို့မဟုတ် သင့်တော်သော အခြားလုပ်ငန်းဆောင်တာများကိုလည်းလုပ်ကိုင်ဆောင်ရွက်နိုင်သည်။

(၂) အထက်ပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊အထူးအားဖြင့် အဆိုပါတာဝန်ဝတ္တရားများတွင် အောက်ပါတို့လည်း ပါဝင်ရမည်—

(က) မည်သည့်ကုန်းလမ်း သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်၊ စက်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာ၊ မော်တော်ယာဉ်ထားသော ရုံ၊ ပစ္စည်းထားသိုရေးရုံ၊ ပြင်ဆင်ထိန်းသိမ်းသော အလုပ်ရုံနှင့်

ပစ္စည်းတပ်ဆင်သော အလုပ်ရုံကိုမဆို ဝယ်ယူခြင်း၊ ဆောက်လုပ်ခြင်း၊ ငှါးရမ်းခြင်း၊ ရောင်းချခြင်း၊ သို့မဟုတ် ထုခွဲခြင်း။

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းအစိုးရက လွှဲအပ်ပေးသည့် ကုန်းလမ်းခရီးစဉ်များတွင် မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ထို့ပြင် မည်သည့်ဒေသနှင့်ခရီးစဉ်တွင်မဆို၊ အလည်အပတ်ခရီးထွက်သူများ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးအတွက် စီစဉ်ပေးခြင်း။

(ဂ) ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေး လုပ်ငန်း၏ အထောက်အပံ့ဖြစ်သောအခြား စပ်ဆိုင်ရာလုပ်ငန်းမျိုးတခုခုကို စီမံထားရှိခြင်း။

(ဃ) လူစီးခများ၊ ကုန်တင်ခများနှင့် အခြားအခ ကြေးငွေများကို၊ အခြားဘရားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် တိုက်ဆိုင်ညှိနှိုင်းလျက် သတ်မှတ်ခြင်း၊ သို့မဟုတ် ပြင်ဆင်ခြင်း။

(င) ယေဘုယျအားဖြင့် ဤဥပဒေပါကိစ္စများကို ဆောင်ရွက်ခြင်း။

၉။ ။အဖွဲ့သည်၊ မိမိတာဝန်ဝတ်တရားများကို ဆောင်ရွက်ရာ၌၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းနှင့် အများပြည်သူတို့၏ အကျိုးကိုအထူးရှေးရှု၍ ကုန်သွယ်လုပ်ငန်း စည်းမျဉ်းများအတိုင်း ဆောင်ရွက်ရမည့်ပြင်၊ လိုက်နာရမည့် မူနှင့်စပ်လျဉ်း၍၊ အစိုးရကအခါအားလျော်စွာ မိမိအားညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၀။ ။အဖွဲ့သည်၊ မိမိအစည်းအဝေးအားလုံးနှင့် စပ်လျဉ်း၍ လုပ်ငန်းအစီအစဉ်မိတ္တူနှင့် မှတ်တမ်းမိတ္တူကိုအစိုးရထံပေးပို့ရမည်။

၁၁။ ။အဖွဲ့သည်၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက်၊ ဆောလျင်နိုင်သမျှဆောလျင်စွာ၊ ထိုနှစ်အတွင်း မိမိ၏တာဝန်ဝတ်တရား ဆောင်ရွက်ခြင်းနှင့်၎င်း၊ မိမိလိုက်နာသည့်မူနှင့်၎င်း၊ လုပ်ငန်းစဉ်များနှင့်၎င်း၊ စပ်လျဉ်း၍၊ အစိုးရထံအစီရင်ခံစာ တင်သွင်းရမည်။

## အခန်း ၄။

### အဖွဲ့၏ အာဏာများ။

၁၂။ ။ဤဥပဒေဖြင့် အပ်နှင်းထားသည့်အာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဖွဲ့မှာ၊ ဤဥပဒေအရ မိမိ၏တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန် လိုအပ်သော၊ သို့မဟုတ် သင့်တော်သော မည်သည့်ကိစ္စကိုမဆို ဆောင်ရွက်နိုင်သည့် အာဏာများရှိရမည်။ ထို့ပြင်အဆိုပါ အာဏာများတွင်အောက်ပါအာဏာများလည်း ပါဝင်ရမည်—

(က) အဖွဲ့၏ အုပ်ချုပ်ရေးမှူးဖြစ်သော ဥက္ကဋ္ဌ အား၊ ဤဥပဒေပါကိစ္စများ ဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့ကလိုအပ်သည် ထင်မြင်သည့်အဖွဲ့၏ တာဝန်ဝတ်တရားနှင့် အာဏာများကို လွှဲအပ်နိုင်သည့်အာဏာ။

(ခ) အဖွဲ့ဝင်နှစ်ဦးဖြစ်စေ၊ နှစ်ဦးထက်ပို၍ဖြစ်စေ၊ ပါဝင်သည့်ကော်မီတီများကိုခန့်ထား၍၊ ဤဥပဒေပါကိစ္စများ ဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့ကလိုအပ်သည် ထင်မြင်သည့်အဖွဲ့၏ တာဝန်ဝတ်တရားနှင့် အာဏာများကို လွှဲအပ်နိုင်သည့်အာဏာ။

၁၃။ ။(၁) အဖွဲ့သည်၊ ဤဥပဒေပါကိစ္စများအလို့ငှါ၊ ထားရှိရန်လိုအပ်သည်ဟု၊ သို့မဟုတ် သင့်သည်ဟုမိမိထင်မြင်သော ရာထမ်း မှုထမ်း စာရင်းများကို၊ အခါအားလျော်စွာ စီစဉ်ပြီးလျှင် အစိုးရထံတင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

(၂) ရာထမ်း မှုထမ်းအသီးသီးအား၊ ခွင့်ပြုသည့်လစာများ၊ အခများနှင့် စရိတ်ကြေးငွေများကိုငင်း၊ ရာထမ်း မှုထမ်းအသီးသီး၏ အမျိုးအစားနှင့်အရေအတွက်ကိုငင်း၊ ယင်းစာရင်းများတွင် ဖေါ်ပြရမည်။

(၃) အစိုးရက နောက်ဆုံးခွင့်ပြုသည့်စာရင်းအားလုံးကို၊ ပုဒ်မ ၁၅ အရပြုလုပ်သည့်နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းနှင့် ပူးတွဲ၍အစိုးရထံတင်ပြရမည်။

(၄) ရာထမ်း မှုထမ်းများနှင့် ပတ်သက်သည့် အခြားအမှုထမ်း စည်းကမ်းများကို၊ အဖွဲ့က အစိုးရ၏ကြိုတင်သဘောတူညီချက်ခံယူလျက် စည်းကမ်းဥပဒေဖြင့် ပြဋ္ဌာန်းရမည်။

၁၄။ ။အဖွဲ့သည်၊ မိမိလုပ်ငန်းကို စီမံခန့်ခွဲရန်အလို့ငှါ၊ ဤဥပဒေနှင့်ဖြစ်စေ၊ ဤဥပဒေအရ ပြုသောနည်းဥပဒေများနှင့်ဖြစ်စေ၊ ညီညွတ်သော စည်းကမ်းဥပဒေများ ပြုနိုင်သည်။ ထို့ပြင် ဤဥပဒေဖြင့် အပ်နှင်းထားသော အာဏာများ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ ထိုစည်းကမ်းဥပဒေများကို၊ အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းရမည်—

(က) အဖွဲ့၏ လုပ်ငန်းစီမံဆောင်ရွက်ရေးကိစ္စနှင့် အဖွဲ့အစည်းအဝေးများတွင်ဖြစ်စေ၊ အဖွဲ့၏ကော်မီတီ အစည်းအဝေးတွင်ဖြစ်စေ၊ လိုက်နာရန် စည်းကမ်း နည်းလမ်း ပြဋ္ဌာန်းရေးကိစ္စ။

(ခ) အဖွဲ့ရာထမ်းမှုထမ်းများ၏ တာဝန်ဝတ်တရားများနှင့် အာဏာများ ပြဋ္ဌာန်းရေးကိစ္စ။

(ဂ) အဖွဲ့က မိမိအာဏာများကို၊ ဥက္ကဋ္ဌ၊ ကော်မီတီနှင့် အဖွဲ့၏အရာရှိတဦးဦးအား၊ စည်းကမ်းချက်များထား၍ဖြစ်စေ၊ မထားဘဲဖြစ်စေ၊ လွှဲအပ်ရေးကိစ္စ။

(ဃ) အဖွဲ့ကိုယ်စား၊ ပဋိညာဉ်နှင့် အခြားစာချုပ်စာတမ်းများ လက်မှတ်ရေးထိုးရေးကိစ္စ။ ထို့ပြင်

(င) အဖွဲ့အား အပ်နှင်းထားသော တာဝန်ဝတ်တရားများကို ယေဘုယျအားဖြင့် ထိရောက်စွာဆောင်ရွက်ရေးကိစ္စ။

## အခန်း ၅။

### ငွေရေးကြေးရေးပြဋ္ဌာန်းချက်များ။

၁၅။ ။အဖွဲ့သည်၊ မိမိ၏ဝင်ငွေ ထွက်ငွေများနှင့်စပ်လျဉ်း၍၊ အခြားအစိုးရဌာနများနည်းတူ ရ-သုံးမှန်းခြေငွေစာရင်းကို၊ အစိုးရထံတင်သွင်းရမည်။

၁၆။ ။အဖွဲ့သည်၊ မိမိ၏ဝင်ငွေအားလုံးကို၊ အစိုးရ ငွေစာရင်းသို့ရငွေအဖြစ် ထည့်သွင်းရမည်။

၁၇။ ။အဖွဲ့သည်၊ မိမိ၏ အသုံးစရိတ်များကို၊ အစိုးရက၊ အခါအားလျော်စွာ ညွှန်ကြားသည့် နည်းလမ်းအတိုင်းထုတ်ယူသုံးစွဲရမည်။

၁၈။ ။ဤဥပဒေအာဏာတည်သည့်အခါ မြန်မာနိုင်ငံ စီးပွါးရေးတိုးတက်မှုကော်ပိုရေးရှင်းလက်အောက်၌ရှိနေသည့်ဘော်ပို့ဆောင်ရေး ကုမ္ပဏီ၏အပိုင်ပစ္စည်းများ၊ ရပိုင်ခွင့်များနှင့် ပေးရန်ကြွေးမြီများကို အဖွဲ့ကလက်ခံလွှဲပြောင်းယူရမည်။

## အခန်း ၆။

### အဖွဲ့နှင့်စပ်လျဉ်း၍ အစိုးရ၏အာဏာများ။

၁၉။ ။(၁) အစိုးရသည်၊ ဤဥပဒေပါကိစ္စများ အထမြောက်အောင်ဆောင်ရွက်ရန်အလို့ငှါ နည်းဥပဒေများကို၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ အဆိုပါနည်းဥပဒေများကို၊ အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်—

(က) အဖွဲ့ဥက္ကဋ္ဌ၏ လစာနှင့်စရိတ်ကြေးငွေများကိုငှင်း၊ အမှုထမ်းစည်းကမ်းများကိုငှင်း၊ ပြဋ္ဌာန်းရန်ကိစ္စ။

(ခ) အဖွဲ့အစည်းအဝေး၊ သို့မဟုတ် ကော်မီတီအစည်းအဝေး အထမြောက်ရန် တက်ရောက်ရမည့် အဖွဲ့ဝင်ဦးရေကို ပြဋ္ဌာန်းရန်ကိစ္စ။

(ဂ) ယေဘုယျအားဖြင့် သတ်မှတ်ရန်လိုအပ်သော အခြားကိစ္စများ။

၂၀။ ။အစိုးရသည်၊ အများပြည်သူအကျိုးနှင့် သက်ဆိုင်သည်ဟု မိမိထင်မြင်သောကိစ္စများနှင့်စပ်လျဉ်း၍၊ အဖွဲ့၏အာဏာများနှင့် တာဝန်ဝတ္တရားများကို အဖွဲ့က မည်သို့သုံးစွဲဆောင်ရွက်ရမည်ဟု ဆင့်ဆိုနိုင်သည်။ ထိုသို့ဆင့်ဆိုသည့်အတိုင်းအဖွဲ့ကလိုက်နာဆောင်ရွက်ရမည်။

၂၁။ ။အစိုးရသည်၊ အဖွဲ့အား၊ ၎င်း၏လုပ်ငန်းဆောက်တာ တရပ်ရပ်ကိုရပ်စဲရန်၊ ဆင့်ဆိုနိုင်သည်။ ထိုသို့ဆင့်ဆိုသည့်အတိုင်း အဖွဲ့က လိုက်နာဆောင်ရွက်ရမည်။

၂၂။ ။(၁) ဤဥပဒေဖြင့် ပေးအပ်ထားသော တာဝန်ဝတ္တရားများကို အဖွဲ့ကဆောင်ရွက်ရန် ပျက်ကွက်သည်ဟူသော်၎င်း၊ ဤဥပဒေဖြင့်အပ်နှင်းထားသော အာဏာများကို အဖွဲ့ကအလွဲသုံးစွဲသည်ဟူ၍သော်၎င်း၊ အစိုးရယူဆလျှင်၊ အစိုးရသည် အဖွဲ့ကိုဖျက်သိမ်းကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာနိုင်သည်။ ထိုသို့ထုတ်ပြန်ကြေညာပြီးနောက်၊ အဖွဲ့၏လုပ်ငန်းအရပ်ရပ် စီမံခန့်ခွဲညွှန်ကြားဆောင်ရွက်မှုကို၊ အစိုးရက ခန့်ထားသော ကိုယ်စားလှယ်သို့လွှဲအပ်ရမည်။ ထိုသို့လွှဲအပ်ခြင်းခံရသော ကိုယ်စားလှယ်သည်၊ ဤဥပဒေအရ အဖွဲ့က သုံးစွဲဆောင်ရွက်နိုင်သည့် အာဏာနှင့် တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

(၂) ဤပုဒ်မအရ ထုတ်ပြန်သော မည်သည့်အမိန့်ကြော်ငြာစာမျှ၊ ခြောက်လထက်ပို၍ အာဏာမတည်စေရ၊ သို့ရာတွင် အစိုးရသည်၊ ထိုသို့ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာကို အသစ်ထပ်မံ၍ထုတ်ပြန်နိုင်သည်။ ထိုသို့အသစ်ထပ်မံထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတိုင်းသည်၊ ခြောက်လထက်ပို၍ အာဏာမတည်စေရ။

**ခြွင်းချက်။** ။သို့ရာတွင် အစိုးရသည်၊ ဤပုဒ်မအရ အဖွဲ့ကို ဖျက်သိမ်းပြီးသည့်နောက် မည်သည့်အခါမဆို သင့်တော်သည်ဟုထင်မြင်လျှင်၊ ပုဒ်မ ၃ အရ အဖွဲ့သစ်တခုကို ဖွဲ့စည်းနိုင်သည်။

## အခန်း ၇။

### အထွေထွေ

၂၃။ ။အဖွဲ့၏ရာထမ်း မှုထမ်းအားလုံးသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်သောအခါ၊ သို့မဟုတ် ဆောင်ရွက်သည့်သဘော သက်ရောက်သောအခါ၊ ရာဇသတ်ကြီးပုဒ်မ ၂၁ အဓိပ္ပါယ်အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၂၄။ ။ကာလစည်းကမ်းသတ် အက်ဥပဒေ (The Limitation Act) ပဋ္ဌမဇယားရှိအပိုဒ် ၁၄၉ သည်၊ အဖွဲ့ကဖြစ်စေ၊ အဖွဲ့ကိုယ်စားဖြစ်စေ၊ စွဲဆိုသည့် တရားမမှုများနှင့်သက်ဆိုင်စေရမည်။